ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်**
**မြန်မာသံရုံးသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများအနေဖြင့် လိုက်နာရန် စည်းကမ်းချက်များ**
**ထုတ်ပြန်ကြေညာခြင်း**
**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၉ ရက်)**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပေကျင်းမြို့၊ မြန်မာသံရုံးသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား လိုက်နာကြပါရန် အသိပေး ကြေညာအပ်ပါသည်-

(က) မဲလက်မှတ်များကို ဖျက်ဆီးခြင်း မပြုလုပ်ရ၊
(ခ) မိမိ၏ ဆန္ဒမဲလက်မှတ်ကို အခြားသူအား မပေးရ၊
(ဂ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းများ မဲပုံးထဲ မထည့်ရ၊
(ဃ) မြန်မာသံရုံးအား မဲရုံပရဝုဏ်အဖြစ် သတ်မှတ်ထားရှိပြီးဖြစ်ရာ မဲရုံအတွင်းနှင့် ကိုက် ၅၀၀ အတွင်း မဲမဆွယ်ရ၊ အော်ဟစ်ခြင်း မပြုရ၊
(င) မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်မပြုရ၊
(စ) မဲပေးမည့်နေ့ရက်တွင် ဘာသာရေးအထိမ်းအမှတ် တံဆိပ်များကို အသုံးပြုခြင်း၊ လူမျိုးကို ဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးရန် (သို့) မဲမပေးရန် လှုံ့ဆော်ခြင်း မပြုရ၊
(ဆ) မဲဆွယ်အသွင်ဆောင်သော အဝတ်အစားနှင့် ရင်ထိုးများ ဝတ်ဆင်မလာရ၊
(ဇ) မဲဆန္ဒရှင် တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း (သို့) ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း မပြုလုပ်ရ၊

ထို့အပြင် COVID-19 ရောဂါကူးစက်မှု ကာကွယ်ရေး အစီအမံများအနေဖြင့် မဲလာရောက်ပေးမည့်သူ တစ်ဦးချင်းစီမှ Mask တပ်လာကြရန်၊ Social Distancing ပြုလုပ်၍ စနစ်တကျ မဲပေးကြရန်နှင့် တရုတ်နိုင်ငံမှ ထုတ်ပြန်ကြေညာထားသော COVID-19 ရောဂါကာကွယ်ရေးအစီအမံများကို စနစ်တကျ လိုက်နာကြပါရန် အသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING